ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကွမ်းခြံကုန်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ခလောက်တရာကျေးရွာအုပ်စု ၊ ပြည်တော်သာကျေးရွာ

၂၀၁၇ခုနှစ် ကွမ်းခြံကုန်းမြို့နယ်


မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံတည်နေရာ

၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း
၄။ ကျေးရွာအခြေခံအချက်အလက်များ
၅။ လူထုပူပေါင်းပါဂင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)
အကျဉ်းချုပ်
၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်
သုံးသပ်ချက်များ
၇။ ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ
၈။ ကော်မတီဂင်များစာရင်း
၉။ ကျေးရွာအချက်အလက်(ပုံစံ-၁)
၁၀။ စီမံကိန်းစက်ဂန်းအချိန်ဇယား(ပုံစံ-၂)
၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)
၁၂။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)
၁၃။အစည်းအဂေးမှတ်တမ်းများ
၁၄။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ
၁၅။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

## ၁။ ကွမ်းခြံကုန်းမြို့နယ်မြေပုံ



**၃။ ခလောက်တရာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း**

(၁)ခလောက်တရာကျေးရွာ

(၂) ပြည်တော်သာ ကျေးရွာ

(၃) အေးမြသာယာ ကျေးရွာ


(၄) ဇောဓိကုန်းကျေးရွာ တို့ဖြစ်ကြပါသည်။

**၄။ ကျေးရွာအခြေခံအချက်အလက်များ**

**၄.၁။ ။ ပြည်တော်သာကျေးရွာ သမိုင်းအကျဉ်း**

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

**၆.၁။ ကျေးရွာ လူမှုရေးပြမြေပုံ နှင့် အရင်းအမြစ်ပြမြေပုံ**



**လူမှုရေးအရင်းမြစ်ပြမြေပုံမှ သုံးသပ်ချက် နှင့် ရလဒ်များ**

ပြည်တော်သာကျေးရွာတွင် နေထိုင်သောမိသားစုများသည် လယ်လုပ်ငန်း ၊ ဝက် ၊ ကြက် ၊ ဘဲ မွေးမြူကြပြီး ကွမ်းစိုက်ပျိုးခြင်းများလည်း အနည်းငယ်ရှိပါသည်။ ဗမာလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။

လွန်ခဲ့သော နှစ်များစွာထဲကရှိသော လယ်ယာမြေများ ၊ ချောင်းမြောင်း နှင့် သစ်ပင်များရှိခဲ့ပြီး ယခုအခါတွင် သစ်ပင်ကြီးများ ရှားပါးလာပြီး ၊ ချောင်းမြောင်းများ ကောလာသည့် အခက်အခဲများရှိပါသည်။

မိမိတို့ရပ်ရွာတွင် အလုပ်မပေးနိုင်သောကြောင့် လူငယ်များ ၊ ဘွဲ့ရလူငယ်များသည် အခြားမြို့များသို့ အလုပ်များ သွားရောက်လုပ်ကိုင်ကြပါသည်။

**တိုးတက်ရန်လိုအပ်သော အချက်များ**

ပြည်တော်သာကျေးရွာ၏ ရွာချင်းဆက်လမ်းများသည် မြေသာလမ်းမှ ပို၍ကောင်းသော လမ်းများဖြစ်လာ လျှင် ရာသီမရွေးသွားလာ၍ စီးပွား ၊ လူမှုရေး ၊ ပညာရေးများ ပို၍ ကောင်းမွန်လာသော အခွင့်အလမ်းများ ရရှိလာပါမည်။

**၆.၂။ ကျေးရွာ၏ လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking)**

| အမျိုးအစား | သတ်မှတ်ချက် | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်ခံ၊ ပျဉ်ထောင်အိမ်၊ လယ်ဧက(၄၀) နှင့်အထက်၊ ဆန်စက်၊ ရိတ်သိမ်း ခြွေလှေ့စက်၊ ထော်လာဂျီ၊ ဘွဲ့ရပညာရေး၊ | ၁၁ | ၃.၄၂ |
| အလယ်လတ် | ပျဉ်ထောင်အိမ်၊ လယ်ဧက (၁၅)နှင့်အထက်၊ ထွန်စက်အသေး၊ နွား(၂)ကောင်နှင့်အထက်၊ ဆိုင်ကယ် ၊ အထက်တန်းပညာရေး၊ | ၄၁ | ၁၂.၇၃ |
| ဆင်းရဲ | ဝါးခနီမိုးအိမ်၊ စက်ဘီး၊ လက်လုပ်လက်စား၊ အလယ်တန်းပညာရေး | ၂၆၀ | ၈၀.၇၅ |
| အလွန်ဆင်းရဲ | မြေယာပိုင်ဆိုင်မှုမရှိ၊ ကြုံရာကျပန်း၊ | ၁၀ | ၃.၁၀ |
| စုစုပေါင်း | | ၃၂၂ | ၁၀၀ |

**သုံးသပ်ချက်**


- ကျေးရွာ၏ လူမှုစီးပွားအဆင့် သတ်မှတ်ခြင်းအားဖြင့် ပြည်တော်သာကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု၊ အလယ်အလတ် အိမ်ထောင်စု၊ အဆင်မပြေသော အိမ်ထောင်စု များကို သိရှိနိုင်ပါသည်။
- ကျေးရွာရှိလူထုများ၏ ပိုင်ဆိုင်မှု နှင့် အသုံးပြုများကိုလည်း သိရှိနိုင်ပါသည်။ထိုကျေးရွာရှိ ကျေးရွာသူ/သားများ၏ စီးပွားရေး အခြေအနေများကိုလည်း သုံးသပ်နိုင်ပါသည်။ ဝင်ငွေအခြေအနေ၊ အလုပ်အကိုင်အခြေအနေ များကိုလည်းသုံးသပ်နိုင်သည်။

- ထို့ကြောင့် ပြည်တော်သာရွာတွင် ဆင်းရဲသော အိမ်ထောင်စုရာခိုင်နှုန်းမှာ ရှစ်ဆယ် ရာခိုင်နှုန်း ခန့်ရှိသည်ကို တွေ့နိုင်ပါသည်။ ထိုသူများမှာ ပုံမှန်ဝင်ငွေရသော အလုပ်မရှိသောကြောင့် ဘောက်လုပ်ငန်းအဖြစ် ရာသီအလိုက် ကူးပြောင်းလုပ်ကိုင်နေကြရပါသည်။ သို့သော် ပညာရေးတွင်တော့ အထက်တန်း ပညာရေးထိ ထောက်ပံ့နိုင်သည်ကိုလည်းတွေ့နိုင်ပါသည်။

**တိုးတက်ရန်လိုအပ်သော အချက်များ**

- လူမှုစီးပွား အဆင့်သတ်မှတ်ခြင်းဇယားမှ သုံးသပ်ခြင်းများအရ ကြခတ်ဝကျေးရွာတွင် ဆင်းရဲသောသူများအတွက် ရင်းနှီးလုပ်ကိုင်နိုင်သော မြေယာများနှင့် ပုံမှန်ဝင်ငွေရသော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပါက ပို၍တိုးတက်ကောင်းမွန်သောရွာတစ်ရွာဖြစ်လာပါမည်။

**၆.၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်**




**သုံးသပ်ချက် နှင့် ရလဒ်များ**

**စပါးစိုက်ပျိုးရေး-** နယုန်လတွင် စိုက်ပျိုးပြီး နတ်တော်လတွင် ရိတ်သိမ်းပြီးဖြစ်သည်။

**မွေးမြူရေး** - သီးသန့် မွေးမြူရေးဟူ၍ မရှိပါ။ နွား၊ ဝက်၊ ဘဲ မွေးမြူရေးလုပ်ငန်းမှာ (၁၂)ရာသီ ထိန်းကျောင်းကြပါသည်။

**ကျန်းမာရေး** - ငါးဆိုလနှင့် ငါးခေါင်လတို့သည် ကျန်းမာရေးညံ့သောလများဖြစ်ပြီး သွေးလွန်တုပ်ကွေး များဖြစ်တတ်ပါသည်။

**ရွှေ့ပြောင်းလုပ်သား** - အခြားဒေသသို့သို့သွားပြီး ဝင်ငွေများရှာသော သူများလည်းရှိကြပါသည်။ သီတင်းကျွတ်လ နှင့် တန်ခူးလတွင် ပြန်လာ၍ ပွဲတော်များကို ဆင်နွှဲလေ့ရှိကြသည်။

**ရိုးရာပွဲတော်** - တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်လတွင် တော်များ ကျင်းပလေ့ရှိပါသည်။


**ဝင်ငွေရရှိမှု** - လယ်ယာမြေများရိတ်သိမ်းပြီးသောအချိန်များတွင် ဝင်ငွေအများဆုံး ဝင်လေ့ရှိသည်။

**သဘာဝဘေးကျရောက်မှု** - ငါးဆို/ငါးခေါင်နှင့် တော်သလင်းလတို့တွင် လေကြီးမိုးကြီးများ ကျတတ်ပါသည်။

**တိုးတက်ရန်လိုအပ်သည့် အချက်များ**

- ပြည်တော်သာကျေးရွာတွင် အမျိုးသမီးများအတွက် ပုံမှန်ဝင်ငွေရရှိစေရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပြုလုပ်ပေးသင့်သည်။
- စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ လက်တွေ့ စိုက်နည်းစနစ်များ သင်ကြားပေးခြင်းများ ပြုလုပ်ပေးသင့်သည်။
- လုပ်သားများအနေဖြင့် နေ့စားလုပ်သားများနှင့် လယ်ယာလုပ်ငန်းတွင် လုပ်ကိုင်သော လယ်စာရင်းငှားများ လုပ်ကိုင်ကြသည်။ ထို့ကြောင့်လုပ်သားများအလုပ်အကိုင်ရရှိစေရန် စီမံကိန်းမှ ပြုလုပ်သော လုပ်ငန်းများတွင် ထည့်သွင်းစဉ်းစားသင့်သည်။

**၆.၄။ ပင့်ကူအိမ်သုံးသပ်ခြင်း**




## သုံးသပ်ချက် နှင့် ရလဒ်များ

အမျိုးသမီးနှင့် အမျိုးသားများ တန်းတူအခွင့်အရေးများ ရရှိမှုကို သိရှိရန် အဆင့်(၈)ဆင့် သတ်မှတ်၍ လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။

## မိသားစုတွင်းဆုံးဖြတ်ပိုင်ခွင့်ရှိမှု

စီမံခန့်ခွဲမှုလုပ်ငန်းတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပိုမိုလုပ်ဆောင်နိုင်သည်။

**အိမ်မှုကိစ္စဆောင်ရွက်နိုင်မှု** - အမျိုးသားများသည် မိသားစု၏ ဝင်ငွေအား အဓိကရှာဖွေရပြီး အိမ်မှုကိစ္စဆောင်ရွက်နိုင်မှုတွင် တဖက်တလမ်းမှ ဝိုင်းဝန်းကူညီမှုများရှိသော်လည်း အမျိုးသမီးများ သည် ပိုမို၍ဆောင်ရွက်ရပါသည်။

**ဝင်ငွေရရှိနိုင်မှု** - အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေပိုမိုရရှိပါသည်။ ထို့ကြောင့်အမျိုးသမီးများ၏ ဝင်ငွေနှင့်အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ဆောင်ရွက်ရန် လိုပါသည်။

**အဖွဲ့အစည်းများတွင်ပါဝင်ဆောင်ရွက်မှု** - ပြည်တော်သာကျေးရွာတွင် မိမိတို့ရပ်ရွာအလိုက်ဖွဲ့အစည်းများ ရှိသည်ကိုတွေ့ရပြီး အမျိုးသမီးများမှာ ပါဝင်မှုအားနည်းပါသည်။

**မိသားစုပျော်ရွှင်မှုအတွက်ပေးနိုင်စွမ်း** - အမျိုးသားရော အမျိုးသမီးများသည် မိသားစု၏အခက်အခဲကို အတူဖြေရှင်းဆောင်ရွက်ရင်း မိသားစုပျော်ရွှင်မှုအတွက် ဖန်းတီးပေးမှု များကို မတူညီသော်ရှုထောင့်မှ အတူဖန်တီးပေးကြပါသည်။


**ပညာရေးလက်လှမ်းမှီမှု** - ပညာရေးလက်လှမ်းမှီမှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုရရှိကြောင်း တွေ့ရှိရသည်။


**တိုးတက်ရန်လိုအပ်သည့် အချက်များ**

အမျိုးသမီးများအတွက် ပိုမိုအသိပညာရသော အိမ်တွင်းမှုအတက်ပညာများ၊ ကျန်းမာရေး ဗဟုသုတရရှိသော အစီအစဉ်များရရှိရန် နှင့် နေ့စဉ်ဝင်ငွေရသောအလုပ်အကိုင်များ ရရှိပါက အမျိုးသမီးများ၏ နေထိုင်မှုဘဝပုံစံများပို၍ တိုးတက်လာပါမည်။

အမျိုးသမီးများ၏ အခန်းကဏ္ဍများပေါ်လွင်လာစေရန်အတွက် အမျိုးသားများမှလည်း နေရာပေးခြင်း၊ လုပ်ငန်းစဉ်များတွင် ထည့်သွင်းစဉ်းစားပေးခြင်းများ ပြုလုပ်ပေးသင့်ပါသည်။

**၆.၅။ ကျား/မရေးရာကဏ္ဍ ဆွေးနွေးခြင်း နှင့် သုံးသပ်ခြင်း(ကြခတ်ဝကျေးရွာ)**






**သုံးသပ်ချက် နှင့် ရလဒ်များ**

ကျား/မရေးရာ ကဏ္ဍကိုကြည့်ခြင်းအားဖြင့် အမျိုးသားများ၏ အသုံးပြုနိုင်မှု/ပိုမိုအသုံးချနိုင်မှု နှင့် အမျိုးသမီးများ၏ အသုံးပြုနိုင်မှု/ပိုမိုအသုံးပြုနိုင်မှု တို့ကို သိရှိနိုင်ပါသည်။

အမျိုးသားများ၏ ပိုင်ဆိုင်မှု နှင့် အမျိုးသမီးများ၏ ပိုင်ဆိုင်မှုကိုလည်း ခန့်မှန်းသိရှိနိုင်ပါသည်။

ရလဒ်အနေဖြင့် အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ သက်ဆိုင်သောအခန်းကဏ္ဍများတွင် ပါဝင်မှုရှိကြောင်း သိရှိနိုင်ပါသည်။ ထို့အပြင် အရင်အမြစ်အများစုကိုမူ ခွန်အားပိုမိုအသုံးပြုနိုင်သော အမျိုးသားများက ထိန်းချုပ်နေပြီး အမျိုးသမီးများမှာ အသုံးပြုလုပ်ဆောင်မှုများ ရှိနေသည်ကိုတွေ့ ရပါသည်။ ထို့ကြောင့် နှစ်ဦးလုံးတိုင်ပင်ဆွေးနွေး၍ အရင်းအမြစ်များကို ထိန်းချုပ်မှု ၊ အသုံးပြုမှုများ ပြုလုပ်လျှင် ကောင်းမွန်သောရလာဒ်များရရှိနိုင်ပါမည်။

**၆.၆။ ဗန်းပုံစံကို အသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက် ( ကြခတ်ဝကျေးရွာ)**



**သုံးသပ်ချက် နှင့် ရလဒ်များ**

ပြည်တော်သာကျေးရွာတွင် အဓိကအားဖြင့် အုပ်ချုပ်ရေးအဖွဲ့နှင့် အခြားသော ကျေးရွာတွင်းရှိ အဖွဲ့များမှာ ချိတ်ဆက်နေကြသည်။ ကျေးရွာတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာရှိ ပြဿနာများ၊ အခက်အခဲများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ စသည့်လုပ်ငန်းများကို ကျေးရွာလူထုနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြပါသည်။

**တိုးတက်ရန်လိုအပ်သောအချက်များ**

စိုက်ပျိုးရေးနည်းပညာများရရှိရန်၊ စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များရရှိရန်၊ မွေးမြူရေးနည်းပညာ/ အသိပညာဖွံ့ဖြိုးမှု ရရှိစေရန် သက်ဆိုင်ရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့စည်းများ ပိုမိုဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ရပ်ရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်နေကြသော်လည်း လက်ရှိဖွဲ့စည်းထားသော ကျေးရွာအဖွဲ့များအပြင်၊ ကျန်းမာရေး ၊ ပညာရေး လူမှုရေးအဖွဲ့များ ဖွဲ့စည်းပြီး လူကြီး ၊ လူငယ် ၊အမျိုးသား ၊ အမျိုးသမီး များပါ ပါဝင်ဖွဲ့စည်းနိုင်လျှင် ပို၍ဖွံ့ဖြိုးတိုးတက်ပြီး စံပြကျေးရွာတစ်ရွာဖြစ်လာပါမည်။

ကျေးရွာတွင်းရှိနေသောအဖွဲ့အစည်းများအနေဖြင့် အချင်းချင်းချိတ်ဆက်လုပ်ကိုင်ကြလျှင် လုပ်ငန်းများ ပိုမိုအဆင်ပြေအောင်မြင်နိုင်မည်။

**ပြည်တော်သာကျေးရွာမှတင်ပြသော အခက်အခဲ အတားအဆီးများ**

| **အမျိုးသားအဖွဲ့မှတင်ပြသော အခက်အခဲ အတားအဆီးများ** | **အမျိုးသမီးအဖွဲ့မှတင်ပြသော အခက်အခဲ အတားအဆီးများ** |
| --- | --- |

| | | | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ | ၁ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ |
| ၂ | အလုပ်အကိုင်များရှားပါးခြင်း | ၂ | အလုပ်အကိုင်ရှားပါး၍ ဝင်ငွေနည်းပါးရခြင်း |
| ၃ | လယ်ယာမြေများအတွက် ရေရရှိမှုခက်ခဲခြင်း | ၃ | ချောင်းမြောင်းများ ရေစီးရေလာမကောင်း ခြင်း |
| ၄ | စိုက်ပျိုးရေအခက်အခဲ(ကျေးရွာစားကျက်မြေ ဖြစ်သောကြောင့်) | ၄ | ကျန်းမာရေး ဆေးပေးခန်းဖြင့် ဝေးရခြင်း အခက်အခဲ |
| ၅ | ကျန်းမာရေး ကုသနိုင်ရန် ဆေးပေးခန်း မှာ ဝေးသောကြောင့် အခက်အခဲ | ၅ | ဝင်ငွေဖြင့် ထွက်ငွေမညီမျှခြင်း ဝင်ငွေ နည်း ခြင်း၊ |
| ၆ | စာပေဗဟုသုတများ ရရှိမှု ခက်ခဲခြင်း | ၆ | စာပေဗဟုသုတများ ရရှိမှု ခက်ခဲခြင်း |

**နောင်လာမည့် (၅)နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များ**

| အမျိုးသားအဖွဲ့မှတင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာ စေရန် | ၁ | အထက်တောင်းပညာရေးရှိလာစေရန် |
| ၂ | ဆေးရုံဆေးပေးခန်း ရှိလာစေရန် | ၂ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန် |
| ၃ | ပညာရေးတိုးတက်ကောင်းမွန်လာစေရန် စာကြည့်တိုက် | ၃ | အသေးသုံးစက်ရုံ ပေါ်ပေါက်လာစေရန် |
| ၄ | အလုပ်အကိုင်အခွင့်အလမ်း ရရှိလာစေရန် | ၄ | ဆေးပေးခန်းတစ်ခုရှိစေရန် |
| ၅ | အရေးပေါ် လူနာတင်ယာဉ် | ၅ | ရေချိုရရှိစေရန် |

ပြည်တော်သာကျေးရွာသည် ဖွံ့ဖြိုးမှုအားနည်းသော ရွာတစ်ရွာဖြစ်သည့်အတွက် လိုအပ်များစွာ ရှိနေပါသည်။ ထိုမျှော်မှန်းချက်များမှာ ကြခတ်ဝကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ တင်ပြဆွေးမှုများ ဖြစ်ပါသည်။ နောင်လာမည့် (၅)နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များကို ကြည့်ခြင်းအားဖြင့် စီမံကိန်းအပေါ် ထိုကျေးရွာသူ/သားများ၏ မျှော်မှန်းချက်ကိုသိရှိနိုင်ပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ






လူမှုဆန်းစစ်မှုများ ဆောင်ရွက်နေပုံ





**၈။ ကျေးရွာစီမံကိန်းအထောက်ကူပြုကော်မတီ ဖွဲ့စည်းပုံနှင့် ကော်မတီဝင်များ**

ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့



(က) ကျေးရွာ စီမံကိန်း အထောက်အကူပြု ကော်မတီ (ဥက္ကဋ္ဌ)

ကျား - ဦးနိုင်မင်းသန်း

မ - ဒေါ်သန္တာဦး

(ခ) ကျေးရွာ စေတနာ့ဝန်ထမ်း

ကျား - ဦးအောင်ဖြိုးလွင်

မ - ဒေါ်ဝင်းစန္ဒာ

(ဂ) ဝယ်ယူရေး ဆပ်ကော်မတီ

ကျား - ဦးကျော်မင်းထိုက်

- ဦးလှမျိုးဦး

မ - ဒေါ်ဝင်းဝင်းမာ

(ဃ) စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ

ကျား - ဦးလှဆောင်

မ - ဒေါ်ခင်ရတနာထွန်း

- ဒေါ်သူဇာဝင်း

(င) လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ

ကျား - ဦးသန်းဇော်ကို

- ဒေါ်ဇင်နွယ်ဦး
- ဒေါ်အေးနိုင်

(စ) ဘဏ္ဍာရေးစာရေး

ကျား - ဦးလေးမြတ်အောင်

(ဆ) ဂေဖန်အကြံပြု တိုင်ကြားရေး တာဝန်ခံ

ကျား - ဦးအောင်မြိုင်

မ - ဒေါ်စန်းငွေး တို့ဖြစ်ကြပါသည်။

## ၁၃။အစည်းအဝေးမှတ်တမ်းများ

## (က) ပထမအကြိမ်အစည်းအဝေးတက်ရောက်သူများ

**ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်**

**ပထမအကြိမ်ကျေးရွာအစည်းအဝေး**

| | |
|---|---|
| ကျေးရွာ ။ | ။ ပြည်တော်သာကျေးရွာ |
| ကျေးရွာအုပ်စု။ | ။ ခလောက်တရာကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ။ | ။ ပြည်တော်သာကျေးရွာ ဘုန်းတော်ကြီးကျောင်း |
| နေ့စွဲ ။ | ။ ၈.၃.၂၀၁၇ |
| အကြောင်းအရာ။ | ။ ပထမနှစ် စီမံကိန်း မိတ်ဆက်အစည်းအဝေး ပထမအကြိမ် အစည်းအဝေး ပြုလုပ်ခြင်း။ |

**ဆွေးနွေးချက်များ**

အစည်းအဝေးတက်ရောက်သူဦးရေ-ကျား( ၁၄၀)ဦး နှင့် မ (၁၈၁ )ဦး=( ၃၂၁)ဦး

ဆွေးနွေးချက်များ

**ဆွေးနွေးချက်(၁)**

အစည်းအဝေးစတင်ရာတွင် ကြခတ်ဝကျေးရွာရှိ ရာအိမ်မှူးမှ ကျေးရွာလူထုနှင့် လူထုဗဟိုပြု စီမံကိန်းအကြောင်း အကျဉ်းချုပ်မိတ်ဆက်ခြင်း လာရောက်ဆောင်ရွက်သည့် ဂန်ထမ်းဖြင့် မိတ်ဆက်ပေးခြင်း များပြုလုပ်ခဲ့ပါသည်။ ထို့နောက်တွင် လူထုစည်းရုံးရေးမှူးမှ စီမံကိန်းဖြစ်ပေါ်လာပုံ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီဌာနဖြင့် ချိတ်ဆက်ဆောင်ရွက်မှု၊ စီမံကိန်းမိတ်ဆက်အကြောင်း အရာနှင့် စီမံကိန်းစက်ဝန်း အကြောင်းအားရှင်းပြခြင်း ၊ စီမံကိန်းတွင် အဓိကပါဝင်သူများနှင့် တာဝန်များအကြောင်း ရှင်းပြခြင်းများ ဆောင်ရွက်ပြီးနောက်တွင် ရွာလူထုမှမေးမြန်းသော မေးခွန်းများအား ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက် ခဲ့ပါသည်။

**ဆွေးနွေးချက်(၂)**

မိတ်ဆက်ဆွေးနွေးမှုအပြီးတွင် ကျေးရွာစေတနာ့ဝန်ထမ်းများ ရွေးချယ်ရန် စီစဉ်ခဲ့၍ လုပ်ဆောင်ရမည့် တာဝန်များ ၊ လျို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်မည့်အကြောင်း ရှင်းပြခြင်း နောက်တွင် အမျိုးသား(၃)ဦး အမျိုးသမီး(၃) ဖြင့် အဆိုပြုစေပြီးနောက် ရွာလူထုမှ မဲပေးစေပြီး မဲအများဆုံးရသော ဦးအောင်ဖြိုးလွင်နှင့် ဒေါ်စန်းစန်းဝင်းတို့ ဖြစ်ကြပါသည်။

**ဆွေးနွေးချက်(၃)**

ထို့နောက် လူမှုဆန်းစစ်ခြင်း(PRA)အကြောင်းတွင် ပါဝင်သောထူးခြားဖြစ်စဉ်များ၊ အမျိုးသမီးဆိုင်ရာသုံးသပ်ချက်များ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာများကို ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**သဘောတူညီမှုများ**

(၁) ကျေးရွာသူ/သားအားလုံး စီမံကိန်းမှ ရရှိလာသော ရံပုံငွေကို ကျေးရွာတွင် အကျိုးရှိစွာ သုံးစွဲရန် သဘောတူညီခဲ့ပါသည်။

(၂) ကျေးရွာစေတနာ့ဂန်ထမ်း(၂)ဦးအား လျို့ဝှက်မဲပေးစနစ်ဖြင့်ရွေးချယ်ရန် သဘောတူညီ ခဲ့ကြ ပါသည်။

(၃) ရွေးချယ်ခံရသောစေတနာ့ဂန်ထမ်း(၂)ဦးမှာလည်း အမှန်တကယ်လုပ်ဆောင်နိုင်ကြောင်း သဘောတူညီခဲ့ပါသည်။

(၄) ထို့နောက် တက်ရောက်လာသော ကျေးရွာလူထုမှ လူမှုဆန်းစစ်ခြင်း၊(PRA)အဆင့်များ ဆက်လက်ပြုလုပ်ဆွေးနွေး ရန်သဘောတူညီခဲ့ကြပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်**

**ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း**

| | |
|---|---|
| ကျေးရွာ ။ | ။ ပြည်တော်သာကျေးရွာ |
| ကျေးရွားအုပ်စု။ | ။ ခလောက်တရာကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ။ | ။ ပြည်တော်သာကျေးရွာဘုန်းတော်ကြီးကျောင်း |

နေ့စွဲ ။ ။ ၁၀.၃.၂၀၁၇

အကြောင်းအရာ ။ ။ ပထမနှစ်စီမံကိန်း ဒုတိယအကြိမ်အစည်းအဝေး ဦးစားပေးလုပ်ငန်း ရွေးချယ်ခြင်းနှင့် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီရွေးချယ်ခြင်း။

အစည်းအဝေးတက်ရောက်သူများ။ ။ ကျေးရွာသား( ၁၀၁)၊ ကျေးရွာသူ(၁၅၇)၊ စေတနာ့ဝန်ထမ်း အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး

ဒုတိယအကြိမ်အစည်းအဝေးအတွက် တက်ရောက်လာသော ကျေးရွာလူထုအား အမျိုးသား/ အမျိုးသမီးများအား သီးခြားခွဲ၍ လူမှုဆန်းစစ်ခြင်း၊(PRA)အဆင့်များ ဆက်လက် ပြုလုပ်ဆွေးနွေး ခဲ့ကြပါသည်။ ၎င်းနောက် အခက်အခဲများကို ဖော်ထုတ်ခဲ့ကြသည်။ ဖော်ထုတ်ထားသော ပြဿနာ များကို အမျိုးသား/သမီးပေါင်းပြီး တူညီသော လုပ်ငန်း ထွက်ပေါ်လာသည်။ ထို့နောက် အမျိုးသား/ သမီးများ၏ နောက်(၅)နှစ် မျှော်မှန်းချက်များကို ဆက်လက်ဖော်ထုတ်ခဲ့ကြသည်။ ထွက်ပေါ်လာသော လုပ်ငန်းများကို လူထုဗဟိုပြုစီမံကိန်း၏ အကျုံးဝင်သောလုပ်ငန်းများနှင့် အကျုံးမဝင်သော လုပ်ငန်းများကိုချပြခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုအဆင့်သတ်မှတ်၍ ရွေးချယ်ခဲ့ကြသည်။ ထွက်ပေါ်လာသော လုပ်ငန်းများကို အကောင်အထည်ဖော်ရန် ကျေးရွာအတွက် စီမံကိန်းအထောက် အကူပြုကော်မတီ လိုအပ်ကြောင်း ရှင်းပြခဲ့သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် တက်ရောက် လာသော ကျေးရွာလူထုအား ကော်မတီဝင်များ၏ တာဝန်နှင့်ဝတ္တရားများအကြောင်း ပြောကြားပြီး စီ/ထောက် ဥက္ကဌ ကျား(၁)ဦး၊ မ(၁)ဦး၊ ဘဏ္ဍာရေးစာရေး ကျား(၁)ဦး၊ ဝယ်ယူရေးဆပ်ကော်မတီ ကျား(၂) မ(၁)ဦး၊ စောင့်ကြည့် ကြီးကြပ်ရေး ဆပ်ကော်မတီ ကျား(၂)၊ မ(၁)ဦး၊ လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ ကျား(၂) မ(၁)ဦး၊ ဝေဖန်အကြံပြုတိုင်ကြားရေးဆပ်ကော်မတီ ကျား(၁)ဦး မ(၁)ဦး ရပ်ရွာလူထု အားလုံးကိုယ်တိုင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ် ဆုံးဖြတ်ခဲ့ကြသည်။

**ဆုံးဖြတ်ချက်များ**

ကျေးရွာလူထုမှ လူထုဗဟိုပြု စီမံကိန်းတွင် ချမှတ်ထားသော ဆောင်ရန် ရှောင်ရန်များကို လိုက်နာကျင့်သုံးမည်ဖြစ်ကြောင်း ကော်မတီဝင်များမှကျေးရွာအတွက် အမှန်တကယ်လုပ်ကိုင်နိုင် ကြောင်း သဘောတူကြပါသည်။ထို့နောက် လူထုဗဟိုပြု စီမံကိန်း၏ ကျင့်ဝတ်များကိုလိုက်နာရန် ဆောင်ရန် ရှောင်ရန် သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုး ကြသည်။

**အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ**

**(က)-၁။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ**

**၁။အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

စီမံကိန်းပထမနှစ်အတွက် ကျေးရွာမိတ်ဆက်အစည်းအဝေး ပြုလုပ်ရန်ဖိတ်ကြားရာတွင် အမျိုးသမီးများအချိုးညီစွာပါဝင်ရန် ကျေးရွာတာဝန်ရှိသူများနှင့်အုပ်ချုပ်ရေးမှူးထံသို့ ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင် အမျိုးသမီးများပြောကြားလိုသောအချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောကြားနိုင်ကြောင်းကိုလည်းအသိပေးထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင် အမျိုးသမီးများ တင်ပြတောင်းဆိုသောလုပ်ငန်းတစ်ခု ပါဝင်မည်ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများသည် အကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါက တူညီသောလုပ်ငန်းအတွက် တူညီသောလုပ်အားခများ ရရှိမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်းတွင်အမျိုးသမီး/သား ခွဲခြားမှုများမရှိစေရန် ရည်ရွယ်ထားသည်ကိုလည်း ပြောကြားမှုပြုလုပ်ခဲ့သည်။ အမျိုးသမီးများ၏ဦးဆောင်နိုင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်လာစေရန်အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ(၅၀%) ပါဝင်ရမည်ဖြစ်သည်။ ဆပ်ကော်မတီတစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီးတစ်ဦး ပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီဝင်အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ဒုတိယအကြိမ် အစည်းအဝေးများတွင် အမျိုးသမီးများသည် လိုအပ်ချက်အခက်အခဲများကို လွတ်လပ်စွာ ဆွေးနွေးနိုင်ရန် အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့ပြီး အခက်အခဲများ ဖော်ထုတ်ခြင်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

ကျေးရွာ/ကျေးရွာအုပ်စုအမည်-ကြခတ်ဝကျေးရွာ၊ ကန်လျှားရည်ကျေးရွာအုပ်စု

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁။ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘော တရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂။ | စီမံကိန်းပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက်(၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃။ | အစည်းအဝေးခေါ်ယူရာတွင် အမျိုးသား/သမီးများ အချိုးညီစွာ တက်ရောက်နိုင်ရေး အတွက်အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၄။ | အမျိုးသမီးများ၏ စကားသံများ၊ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာ အောင် ဖန်တီးပေးခဲ့ ပါသလား။ | √ | | |
| ၅။ | ဆပ်ကော်မတီဖွဲ့များ ဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့် ပါဝင်ဖွဲ့ | √ | | |

| | | | | |
|---|---|---|---|---|
| | စည်းရေး၊ ပူးပေါင်းပါဝင်ရေး ဦးဆောင်နိုင်ရေးအတွက် တွန်းအားပေး ကူညီဆောက်ရွက်ခဲ့ပါသလား။ | | | |
| ၆။ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင် တက်ရောက်နိုင်သော အချိန်နှင့် နေရာများကို ရွေးချယ်ခြင်း၊ ထည့်သွင်းစဉ်းစားဆောက်ရွက်ခြင်းများတို့ကို လုပ်ဆောင်ခဲ့ ပါသလား။ | √ | | |
| ၇။ | လူနည်းစု၊ဆင်းရနွမ်းပါး၊ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေး မစတင်မှီအချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများ ထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြား ဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/အမျိုးသမီး များနှင့် ကြုံတွေ့နေရ သောအခက်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀။ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင် စီစဉ် ဆောင်ရွက်မှု မျိုးများဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁။ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများ သီးခြားဆွေးနွေး ဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂။ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀:၅၀) ဖွဲ့စည်းနိုင် ခဲ့ပါသလား။<br><br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃။ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br><br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄။ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ | √ | | |

| | | | | |
|---|---|---|---|---|
| | ရွေးချယ်ဆုံးသည့် လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခု ပါဝင်နိုင်ရေး အတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅။ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးရွေးချယ်လိုက်သော ဦးစားပေး ရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၆။ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/ နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များ အားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။<br><br>မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |

## ၁၅။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေးထိန်းချုပ်မှု

၁၉။ VDP အရည်အသွေးထိန်းချုပ်မှု

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အကော်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ၊ ပါရမည့်၊ ရည်စစ်မိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိနစ်
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ။
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားဖြင့်ပြသပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။

36